**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**
**ဝန်ကြီးရုံး**

**အမိန့်ကြော်ငြာစာအမှတ်၊ ၄၉ / ၂၀၁၇**
**၁၃၇၉ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၄ ရက်**
**( ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၉ ရက် )**

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ပို့ကုန်သွင်းကုန်ဥပဒေ ပုဒ်မ-၁၃၊ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

**ကျွဲ၊ နွားအရှင်များအား ပြည်ပသို့တရားဝင်တင်ပို့ခွင့်ပြုခြင်း**

၁။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် နိုင်ငံတော်မှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ရောင်းလိုအားနှင့် ဝယ်လိုအားအရ ဖြစ်ပေါ်နေသော လွတ်လပ်သည့်ဈေးကွက်ကို ဖော်ဆောင်နိုင်ရန်နှင့် တရားမဝင်တင်ပို့မှုများအား တရားဝင်လမ်းကြောင်းပေါ်သို့ ရောက်ရှိစေရန်၊ မွေးမြူရေးတောင်သူများ ဝင်ငွေနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေရန်နှင့် တောင်သူလယ်သမားတို့၏အကျိုးစီးပွားကို ပိုမိုကာကွယ်ဆောင်ရွက် နိုင်ရန် ရည်ရွယ်၍ ကျွဲ၊ နွားအရှင်များအား ပြည်ပသို့ စည်းမျဉ်းစည်းကမ်းများနှင့်အညီ တရားဝင် တင်ပို့ခွင့်ပြုလိုက်သည်။

၂။ ပြည်ပသို့ ကျွဲ၊ နွားများ တင်ပို့မည့်သူများအနေဖြင့် ဝယ်ယူစုဆောင်းခြင်း၊ တိရစ္ဆာန်ကျန်းမာရေးစစ်ဆေးခြင်း၊ ပြည်တွင်းနယ်ကျော်သယ်ဆောင်ခြင်းများအား စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနတို့၏ လုပ်ထုံးလုပ်နည်းနှင့် စည်းကမ်းများအတိုင်း လိုက်နာဆောင်ရွက်သွားရမည်။

၃။ ပြည်ပသို့ ကျွဲ၊ နွားအရှင်များ တင်ပို့ခြင်းကို ဈေးကွက်အခြေအနေနှင့် ပြည်တွင်း မွေးမြူထုတ်လုပ်နိုင်မှုအခြေအနေများပေါ်မူတည်၍ သတ်မှတ်လုပ်ထုံးလုပ်နည်းများနှင့်အညီ ၂၀၁၇ ခုနှစ် ၊ အောက်တိုဘာလ ၉ ရက်နေ့မှ စ၍ ဆောင်ရွက်ခွင့်ပြုသည်။

(ပုံ)
ဒေါက်တာသန်းမြင့်
ပြည်ထောင်စုဝန်ကြီး
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

\\172.16.129.34\d\Section (1)\Hluttaw Q & A, Think tank, Legal Team\buffalo & Cow (2017).docx